# သတိပေးခြင်း

သရေဒယပေဒင်ပညာဟာ သာမန်ဗေဒင်အဟောစာအုပ်တွေနဲ့ လုံးဝမတူပါ။ လေ့လာရာမှာ ခက်ခဲပါလိမ့်မယ်။ ရှုပ်ထွေးပါလိမ့်မယ်။ နားမလည်ပါးမလည် ဖြစ်ပါလိမ့်မယ်။ နောက် စိတ်ဓါတ်ကျပါလိမ့်မယ်။ ဒီပညာကို လေ့လာရင်းကနေ လက်မြှောက်အရှုံးပေးသွားသူပေါင်း ဒုနဲ့ဒေးပါ။ မလိုက်နိုင်တဲ့သူလည်း အများကြီးပါ။

ကိုယ့်မှာ အရည်အချင်း၊ အစွမ်းအစအားနည်းလို့ နားမလည်တာကို သွေးရိုးသားရိုးဝန်မခံပဲ အပိုပညာ၊ အလကားပညာ တခြားနည်းစနစ်တွေက ပိုကောင်းတယ်လို့ ပြောချင်လည်းပြောကြပါလိမ့်မယ်။

ဒီပညာရပ်ကို အခုမတတ်လို့လည်း ရွှေမထွက်ပါ။ ချက်ချင်းမတတ်လို့လည်းဘာမှဖြစ်မသွားပါ။ တစ်ပတ်၊ တစ်လ၊ တစ်နှစ်၊ ဆယ်နှစ်လောက် လေ့လာရင်းနဲ့နားမလည်တာကို အားမငယ်ပါနဲ့၊ တစ်နေ့တစ်ချိန်သိနား လည်သွားပါမယ်။ အဲဒီအခါ ခင်ဗျားဟာကမ္ဘာဆွဲငင်အားကို သိသွားတဲ့ နယူတန်ထက်ပျော်သွားပါမယ်။

ပထမဆုံး လုပ်ရမယ့်အလုပ်က ဒီပညာရပ်ကိုယုံကြည်ဖို့ပါ။ ရအောင်လုပ်မယ်၊ တတ်အောင်လုပ်မယ်ဆိုတဲ့ သန္နိဋ္ဌာန်ပါ၊ သိမြင်တတ်သိသွားရင် သိသလောက်အားလုံးကို ပြန်ဖြန့်ပေးမယ်ဆိုတဲ့ စေတနာပါ။

ခင်ဗျားမှာတော့ မလိုက်နိုင်ခဲ့တဲ့သူတွေ လက်မြှောက်အရှုံးပေးခဲ့တဲ့ ပညာရှင်တွေရဲ့ သူရဲဘောကြောင်ခဲ့တဲ့စိတ်မျိုး ရှိလိမ့်မယ်လို့ ကျွန်တော်မထင်ပါ။ ကျွန်တော်ကတော့ ဒီပညာကိုသိချင်လို့ လိုက်စားခဲ့တယ်၊ လိုက်နာခဲ့တယ် ကျွန်တော်အရမ်းပျော်တယ် ခင်ဗျားတို့ပျော်တာကို ကျွန်တော်ကြည့်ပါရစေ။

ဆရာဒဂုန်